# သတင်းထုတ်ပြန်ချက်

၁။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် (၂၈) ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဥရောပသမဂ္ဂမှတင်သွင်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ၂၇-၃-၂၀၁၅ ရက်နေ့၌ ချမှတ်ခဲ့သည်။

၂။ ယင်းဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင် ပြည်သူများ၏ လူ့အခွင့်အရေး တိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆောင်ရွက်ချက်နှင့် ရလဒ်များကို ဓမ္မဓိဋ္ဌာန်ကျစွာ သုံးသပ်ဖော်ပြမှုများ အားနည်းသည့်အပြင် ပါဝင်သည့် အချို့အချက်အလက်များမှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ခြင်း၊ လာမည့် ရွေးကောက်ပွဲကို လွတ်လပ်၍ မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရန် ကြိုးပမ်းနေမှုများကို မျက်ကွယ်ပြုလျက် ရွေးကောက်ပွဲနှင့် ရလဒ်တို့အပေါ် ကြိုတင်ဝေဖန်ပြောကြားမှုများ ပါဝင်ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူ တစ်ရပ်လုံးမှ လက်ခံခြင်းမရှိသည့် ဝေါဟာရ အသုံးအနှုန်းများပါဝင်နေခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အသိုက်အဝန်းနှင့် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထင်အမြင်လွဲမှားစေမည့် ရေးသားချက်များ ပါဝင်နေခြင်း စသည်တို့ကို စိစစ်တွေ့ရှိရသည်။

၃။ သို့ဖြစ်ရာ လူ့အခွင့်အရေးကောင်စီက ယင်းဆုံးဖြတ်ချက်မချမှတ်မီ ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီးသည် အထက်ဖော်ပြပါ အချက်အလက်များ ပါဝင်သည့် စာပိုဒ်များကို ကန့်ကွက်ခြင်း၊ ခြွင်းချက်ပြုခြင်း၊ မိမိနိုင်ငံ၏ရပ်တည်ချက်ကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းအပြင် ဆုံးဖြတ်ချက်တစ်ရပ်လုံးကိုလည်း မြန်မာနိုင်ငံအနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း ရပ်တည်ပြောကြားခဲ့သည်။

၄။ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ (၄)နှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် နုနယ်သော ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကြုံတွေ့ရမြဲဖြစ်သော စိန်ခေါ်မှုများကိုလည်း ကြိုးပမ်းကျော်လွှားလျက်ရှိပါသည်။ ဤသို့ သိမ်မွေ့သည့် အခြေအနေမျိုးတွင် ဖြစ်ရပ်အချို့ကို ထောက်ပြဝေဖန်ခြင်းထက် ဖြစ်စဉ်တစ်ရပ်လုံး၏ ရည်မှန်းချက် အတိုင်း ပေါက်မြောက်အောင်မြင်မှုများ တိုးတက်ရရှိစေရန် အပြုသဘောပံ့ပိုးခြင်းနှင့် အကြံပေးခြင်း များကိုသာ ပြုလုပ်သင့်ပါသည်။

၅။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ လူ့အခွင့်အရေး တိုးမြှင့်ရရှိခံစားစေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အပြုသဘောဖြင့် ကူညီအားပေးသော မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက်**

**Press Release**

1. A resolution on the situation of human rights in Myanmar tabled by European Union was adopted today at the 28th session of the Human Rights Council in Geneva, Switzerland.

2. The resolution does not adequately and objectively reflect and apprise of the efforts and achievements in promoting and protecting of human rights of the people of Myanmar. In addition to this drawback, some facts amount to infringing on the sovereignty and interfering in the internal affairs of Myanmar. It includes criticizing and prejudging the holding and the outcome of upcoming general elections, turning a blind eye on the efforts being made for a free, fair and transparent election. It also contains a terminology which is not accepted by the nation and its entire people. It is also learnt that expressions on Myanmar's cooperation with the United Nations agencies and the international humanitarian community are misleading.

3. Against this backdrop, the Permanent Representative and Ambassador of Myanmar to the United Nations Office and other International Organizations in Geneva made a statement before the adoption of the said resolution. The statement rejects, reserves and clarifies Myanmar's position on the paragraphs in which the above-mentioned facts were included. In addition, the Ambassador stated clearly that Myanmar dissociates itself from the entire resolution.

4. As Myanmar is in the fourth year of implementing political, socio-economic and administrative reforms, visible progresses have already been achieved. At the same time, Myanmar has been striving to overcome the challenges common to a young democracy. At this critical juncture, only constructive contributions and advices should be made for further progress towards reaching the goal of the whole process rather than focusing and criticizing on some incidents.

5. Myanmar will maintain its efforts in promoting and protecting of human rights of its people. In so doing, cooperation with friendly nations and the international organizations which support Myanmar with constructive views will be continued.

**Ministry of Foreign Affairs,**
**Nay Pyi Taw**
**Dated: 27 March 2015**